PROVEN GROUP OF COMPANIES

LAWS Responsibility Prevention Compliance RULES

# CODE OF CONDUCT

## 1.2.2022

Obligations HEALTH Environment RIGHTS POLICY SAFETY Guidelines Regulations

Since 1996

CERTIFIED IATF 16949 ISO 14001 ISO 45001

Responsible Care®

ASEN -OSHNET BEST PRACTICES AWARD 2016

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှုဆောင်အရာရှိချုပ်၏ အမှာစကား | ၁ |
| | ရည်ရွယ်ချက် | ၂ |
| အခန်း(၁) | အကျုံးဝင်မှု၊ စတင်မှုနှင့် ကျင့်သုံးမှု | ၄ |
| အခန်း(၂) | ဥပဒေလိုက်နာမှု | ၆ |
| အခန်း(၃) | တာဝန်ဝတ္တရားများအား ထမ်းဆောင်ခြင်း | ၇ |
| | (က) စွမ်းရည်စိုက်ထုတ်ဆောင်ရွက်နိုင်ခြင်း | |
| | (ခ) ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ | |
| | (ဂ) ရိုးသား ဖြောင့်မတ်ခြင်း၊ | |
| | (ဃ) ဘက်လိုက်မှုကင်းခြင်း | |
| | (င) မျှတခြင်း | |
| | (စ) စည်းကမ်းလိုက်နာခြင်း | |
| | (ဆ) ယဉ်ကျေးခြင်း | |
| | (ဇ) လေ့လာသင်ယူလိုခြင်းနှင့် ပြောင်းလဲမှုများလက်ခံခြင်း | |
| | (ဈ) ပြင်ပအလုပ်လုပ်ကိုင်ခြင်း | |
| | (ည) ပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ခံရခြင်း | |
| | (ဋ) နိုင်ငံရေးလုပ်ဆောင်ခြင်း | |
| | (ဌ) အစိုးရအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း | |
| | (ဍ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် | |
| | (ဎ) ငွေချေးယူခြင်း | |
| | (ဏ) လက်ဆောင်ပေးခြင်းနှင့် လက်ဆောင်လက်ခံခြင်း | |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (တ) ကုမ္ပဏီပိုင်ဆိုင်မှုများ | |
| | (ထ) ပိုပေးမိခြင်း | |
| | (ဒ) မီဒီယာတွင် ပါဝင်ခြင်း | |
| | (ဓ) လူမှုမီဒီယာများ | |
| | (န) ဖော်ထုတ်တင်ပြခြင်း | |
| | (ပ) ရည်ညွှန်းခံ ပေးခြင်း | |
| | (ဖ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်အရာများ သုံးစွဲခြင်း | |
| | (ဗ) သတင်းအချက်လက် ထိမ်းသိမ်းခြင်း | |
| | (ဘ) မလျော်ဩဇာသုံးစွဲခြင်း | |
| | (မ) ဉာဏ်မှုပိုင်ခွင့် | |
| အခန်း (၄) | အကျင့်ပျက်ခြစားခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ ငွေကြေးခဝါချခြင်းနှင့် အတွင်းလူစီးပွားရေးလုပ်ဆောင်ခြင်း | ၁၅ |
| အခန်း (၅) | ခွဲခြားဆက်ဆံမှု၊အနိုင်ထက်ပြုမှု၊ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ | ၁၆ |
| အခန်း (၆) | အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ | ၁၇ |
| အခန်း (၇) | အလုပ်သမားအခွင့်အရေး | ၁၈ |
| အခန်း (၈) | ဝတ်စား ဆင်ယင်မှုနှင့် ကိုယ်စားပြုခြင်း | ၁၉ |
| အခန်း (၉) | ကျင့်ဝတ်ဖောက်ဖျက်မှုများအား အရေးယူဆောင်ရွက်ခြင်း | ၂၀ |
| | နောက်ဆက်တွဲ | ၂၁ |



## အမှုဆောင် အရာရှိချုပ်၏ အမှာစကား

PROVEN GROUP OF COMPANIES အနေဖြင့် လုပ်ငန်းခွင် ကျင့်ဝတ်ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် ဆောင်ရွက်နေမှုများအပေါ် အစဉ်အလေးထား ဆောင်ရွက်နေကြောင်းအား ထပ်မံအသိပေးဖော်ပြမှု တစ်ရပ်ပင်ဖြစ်တယ်။

ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါ အကြောင်းအရာများအား ထောက်ရှုခြင်းဖြင့် PROVEN GROUP OF COMPANIES ၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာထားရှိအပ်သည့် ကျင့်ဝတ်များ၊ စည်းကမ်းများ နှင့်စပ်လျဉ်းပြီး အထူးအလေးထား လိုက်နာအကောင်အထည်ဖော်နေမှုကို ခံစားသိမြင်နိုင်မှာ ဖြစ်ပါတယ်။

ယခု ကျင့်သုံးဆောင်ရွက်သည့် လုပ်ငန်းခွင်ကျင့်ဝတ်ကြောင့် PROVEN GROUP OF COMPANIES ထိပ်တန်း အဆင့်စီမံခန့်ခွဲသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် ပိုမိုကျင့်ဝတ်သိက္ခာနှင့် ညီညွတ်စွာ လုပ်ဆောင်လာနိုင်မှာဖြစ်၍ PROVEN GROUP OF COMPANIES နှင့် ဆက်ဆံလုပ်ကိုင်နေသူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ရယူလာနိုင်မှာလည်း ဖြစ်ပါတယ်။

PROVEN GROUP OF COMPANIES ထိပ်တန်းအဆင့်စီမံခန့်ခွဲသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအနေဖြင့် ဤလုပ်ငန်းခွင် ကျင့်ဝတ်ပါအကြောင်းအရာများအား အစဉ်တစ်စိုက် ခိုင်ခိုင်မာမာ ရပ်တည်ကျင့်သုံးနိုင်မှုဖြင့် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု တစ်ရပ်ဆီသို့ ရောက်ရှိမည်ဖြစ်ကြောင်း ယုံကြည်စွာဖြင့် ဖော်ပြအပ်ပါတယ်။

**သန်းထိုက်လွင်**
**အမှုဆောင် အရာရှိချုပ်**



# ရည်ရွယ်ချက်

ဤလုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) သည် PROVEN GROUP OF COMPANIES ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် ရပ်တည်နိုင်ရေးနှင့်စပ်လျဉ်း၍ မရှိမဖြစ်လိုအပ်သည့် professionalism ဆန်မှု၊ ရိုးသားဖြောင့်မတ်မှု၊ စည်းကမ်း လိုက်နာမှု၊ ကျင့်ဝတ်ကောင်းမှုစသည့် တန်ဖိုးများအပေါ် အခြေပြုပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လုပ်ဆောင်ချက်များ ဖြောင့်မတ်မှန်ကန်နေမှုရှိနေစေရေး ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါ အကြောင်းအရာများသည် လမ်းညွှန် ထိန်းကျောင်း ပေးသွားမည်ဖြစ်ပါသည်။

ထို့အပြင် ဤလုပ်ငန်းခွင်ကျင့်ဝတ်သည် PROVEN GROUP OF COMPANIES က အကောင် အထည် ဖော်ဆောင်ရွက်နေသည့် ကော်ပိုရိတ်စီမံခန့်ခွဲမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ရန် ရည်ရွယ်ပါသည်။

ဝန်ထမ်းများအနေဖြင့် ဤလုပ်ငန်းခွင်ကျင့်ဝတ်နှင့် စပ်လျဉ်းပြီး PROVEN GROUP OF COMPANIES က အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်-

(၁) ဤလုပ်ငန်းခွင် ကျင့်ဝတ်အား ဖတ်ရှုပြီး နားလည်သဘောပေါက်ကာ လိုက်နာကျင့်သုံးခြင်း၊

(၂) ဤလုပ်ငန်းခွင်ကျင့်ဝတ်နှင့်ကိုက်ညီမှုမရှိသည့် မှန်ကန်မှုမရှိသည့် လုပ်ရပ်တိုင်းအပေါ် ထုတ်ဖော်တင်ပြပေးခြင်း၊

(၃) ဤလုပ်ငန်းခွင်ကျင့်ဝတ်နှင့်ညီညွတ်သည့် မှန်ကန်သည့်လုပ်ရပ်များဖြစ်စေရန် မိမိ လုပ်ဆောင်ချက်များအပေါ် သေချာမှုမရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူထံမှ အကြံပြုချက် တောင်းခံရယူခြင်း၊

# ရည်ရွယ်ချက်



စီမံခန့်ခွဲသူများအနေဖြင့် ဤလုပ်ငန်းခွင်ကျင့်ဝတ်နှင့် စပ်လျဉ်းပြီး PROVEN GROUP OF COMPANIES က အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်-

(၁) ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါ အကြောင်းအရာများအပေါ် လိုက်နာရာတွင် နမူနာကောင်းများ ပြသပေးခြင်း၊

(၂) လက်အောက် ဝန်ထမ်းများအား ဤလုပ်ငန်းခွင် ကျင့်ဝတ်ပါ အကြောင်းအရာများအပေါ် လိုက်နာကျင့်သုံးမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့်ထောက်ပံ့မှု၊ ဖေးမမှု၊ အကြံပေးမှုများ လုပ်ဆောင်ပေးခြင်း၊

(၃) ဤလုပ်ငန်းခွင် ကျင့်ဝတ်ပါ အကြောင်းအရာများအပေါ် လိုက်နာ ကျင့်သုံးမှုနှင့် စပ်လျဉ်းသည့် လက်အောက်ဝန်ထမ်းများ၏ စိုးရိမ်မှုများအပေါ် ထုတ်ဖော်ပြောဆိုနိုင်စေရန် အခွင့်အလမ်းများပေးအပ်ပြီး ထိုသို့ထုတ်ဖော်ပြောဆိုလာမှုများကို အလေးအနက်အချိန်ပေး နားထောင်ပြီး လိုက်နာ နိုင်စေရန် မှန်ကန်စွာ ဦးဆောင်မှုပေးခြင်း၊



## အခန်း(၁)
## အကျုံးဝင်မှု ၊ စတင်မှု နှင့် ကျင့်သုံးမှု

**(၁) အကျုံးဝင်မှု**

ဤလုပ်ငန်းခွင်ကျင့်ဝတ်တွင် အောက်ပါအတိုင်း အကျုံးဝင်ပါသည်-

(က) PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ စက်ရုံများ၊ လက်အောက်ခံရုံးခွဲများ၊ အရောင်းဆိုင်များတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများ၊

(ခ) PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများတွင်အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဆောင်ရွက်နေသည့် အမှုဆောင်အရာရှိချုပ်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အလုပ်အမှုဆောင်ဒါရိုက်တာ သို့မဟုတ် အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာများ၊

(ဂ) PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံပေးများ၊

(ဃ) PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကန်ထရိုက်တာများ၊ ပစ္စည်းသွင်းသူ/ဝယ်ယူသူများ

**(၂) စတင်မှု**

ဤလုပ်ငန်းခွင် ကျင့်ဝတ်အား PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ စက်ရုံများတွင် ၁-၂-၂၀၂၂ ရက်နေ့မှ စတင်ကျင့်သုံးမည်ဖြစ်သည်။

**(၃) ကျင့်သုံးမှု**

ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါ အကြောင်းအရာများပေါ် လိုက်နာကျင့်သုံးရာတွင် တည်ဆဲဥပဒေပါ အကြောင်းရာများနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း လိုက်နာပေးရမည်-

(က) ဤလုပ်ငန်းခွင် ကျင့်ဝတ်ပါ အကြောင်းအရာများနှင့် တည်ဆဲဥပဒေပါ အကြောင်းရာများ မကိုက်ညီပါက တည်ဆဲဥပဒေအတိုင်းလိုက်နာရန်၊

(ခ) ဤလုပ်ငန်းခွင် ကျင့်ဝတ်ပါအကြောင်းအရာနှင့် တည်ဆဲဥပဒေပါ အကြောင်းရာများတူပြီး သတ်မှတ်ချက်ကွာခြားပါက ပိုမိုမြင့်မားသည့် သတ်မှတ်ချက်ကို လိုက်နာပေးရန်၊

# အခန်း(၂)
# တည်ဆဲဥပဒေအပေါ်လိုက်နာမှု




(၁) PROVEN GROUP OF COMPANIES သည် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများအပေါ် အပြည့်အဝလိုက်နာဆောင်ရွက်မည်ဖြစ်သည်။

(၂) ထို့အပြင် ဤလုပ်ငန်းခွင်ကျင့်ဝတ်၊ အခန်း (၁) အပိုဒ် (၁) ပါ အကျုံးဝင်သူများအနေဖြင့် တည်ဆဲ ဥပဒေ များအပေါ် လေးစားလိုက်နာပေးရမည်ဖြစ်ပါသည်။

(၃) တည်ဆဲဥပဒေအများပေါ် ဖောက်ဖျက်မှုနှင့်စပ်လျဉ်းပြီး အရေးအယူအပြစ်ပေးခံရမှုများ ရှိလာခဲ့ပါက အဆိုပါအရေးအယူအပြစ်ပေးခံခဲ့ရမှုများသည် PROVEN GROUP OF COMPANIES ၏ ပုံရိပ်အပေါ် သက်ရောက်ထိခိုက်မှုများ ရှိလာနိုင်သဖြင့် ဖောက်ဖျက်မှုမရှိစေရေး ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ရန်လိုအပ်မည်ဖြစ်ပါသည်။

(၄) တည်ဆဲဥပဒေအများပေါ် ဖောက်ဖျက်မှုနှင့်စပ်လျဉ်းပြီး အရေးအယူ အပြစ်ပေးခံရမှုများ ရှိလာခဲ့ပါက အောက်ပါအတိုင်း အရေးယူ ဆောင်ရွက် မည်ဖြစ်သည်-

(က) PROVEN GROUP OF COMPANIES က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းအရ လည်းကောင်း၊

(ခ) ဖောက်ဖျက်မှုအနေအထားအရ စုံစမ်းရေးအဖွဲ့ ဖွဲ့ပြီး စစ်ဆေး၍ သော်လည်းကောင်း၊

# အခန်း(၃)
# တာဝန် ဝတ္တရားများအား
# ထမ်းဆောင်ခြင်း



ဤလုပ်ငန်းခွင် ကျင့်ဝတ်၊ အခန်း (၁) အပိုဒ်(၁)(က) နှင့် (ခ)ပါ အကျုံးဝင်သူများအနေဖြင့် သတ်မှတ်တာဝန်ဝတ္တရားများအား ထမ်းဆောင်ရာတွင် အောက်ပါအကြောင်းအရာများနှင့်အညီ ထမ်းဆောင်ပေးနိုင်ရမည်ဖြစ်သည်-

**(က) စွမ်းရည် စိုက်ထုတ်ဆောင်ရွက်နိုင်ခြင်း**

သတ်မှတ်တာဝန်များနှင့် စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက် အကောင်ထည်ဖော်သည့်အခါ ကာယစွမ်းဆောင်ရည်၊ ဉာဏစွမ်းဆောင်ရမည်များကို စိုက်ထုတ် ဆောင်ရွက်ပေးနိုင်ရမည်။

**(ခ) ဆုံးဖြတ်ခြင်း**

သတ်မှတ်တာဝန်များနှင့် စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်များချမှတ်သည့်အခါတိုင်း ကျင့်ဝတ်နှင့်ညီညွတ်သည့်ဆုံးဖြတ်ချက်ဖြစ်ရန် ကြိုးစား ဆောင်ရွက်ရမည်။

**(ဂ) ရိုးသားဖြောင့်မတ်ခြင်း**

PROVEN GROUP OF COMPANIES အနေဖြင့် ရိုးသားဖြောင့်မတ်ခြင်းအား အစဉ်အလေးထားသဖြင့် သတ်မှတ်တာဝန်များနှင့် စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက် အကောင်အထည်ဖော်သည့်အခါ ရိုးသားဖြောင့်မတ်မှုအပြည့်ဖြင့် လုပ်ကိုင်ပေးနိုင်ရမည်။

**(ဃ) ဘက်လိုက်မှုကင်းခြင်း**

သတ်မှတ်တာဝန်များ၊ ပေးအပ်လာသည့်တာဝန်များ၊ ဝန်ထမ်းရေးရာတို့နှင့်စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက်အကောင်ထည်ဖော်သည့်အခါ မည်သည့်အကြောင်းအရင်းကိုမှ အခြေမခံသည့် ဘက်လိုက်မှု ကင်းစွာလုပ်ကိုင်ပေးနိုင်ရမည်။

**(င)** **မျှတခြင်း**

သတ်မှတ်တာဝန်များ၊ ပေးအပ်သည့် တာဝန်များနှင့် စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက် အကောင်အထည်ဖော်သည့်အခါတွင်လည်းကောင်း ဝန်ထမ်းရေးရာနှင့်စပ်လျဉ်း၍ လည်းကောင်းမျှတစွာ ဆောင်ရွက်ပေးနိုင်ရမည်။

**(စ)** **စည်းကမ်းလိုက်နာခြင်း**

PROVEN GROUP OF COMPANIES က ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပေးနိုင်ရမည်။

**(ဆ)** **ယဉ်ကျေးခြင်း**

သတ်မှတ်တာဝန်များနှင့်စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက် အကောင်ထည်ဖော်သည့်အခါတွင် လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း အထက်၊ အောက်၊ တန်းတူ စသဖြင့် ထိတွေ့ ဆက်ဆံရာတွင် လည်းကောင်း၊ ဝန်ထမ်းရေးရာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကိုယ်စားပြုအနေဖြင့် ပြင်ပသွားရောက်ရာတွင်လည်းကောင်း ကိုယ်အမူရာ၊ နှုတ်အမူရာ ယဉ်ကျေးစွာဖြင့် ပြောဆို ဆောင်ရွက်ရမည်။

**(ဇ )** **လေ့လာသင်ယူလိုခြင်းနှင့် ပြောင်းလဲမှုများလက်ခံခြင်း**

PROVEN GROUP OF COMPANIES အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် ရပ်တည်သွားမည်ဖြစ်၍ လေ့လာသင်ယူခြင်းနှင့် ပြောင်းလဲမှုများကို လက်ခံရယူနိုင်ရန် အမြဲပြင်ဆင်ထားရှိနိုင်ရမည် ဖြစ်ပါသည်။

**(ဈ)** **ပြင်ပ အလုပ်လုပ်ကိုင်ခြင်း**

(၁) PROVEN GROUP OF COMPANIES ၏ လုပ်ကိုင်နေသည့် စီးပွားရေးနှင့် အလားတူသည့် ပြင်ပအလုပ်များတွင်လည်းကောင်း၊ အခြားကုမ္ပဏီတစ်ခုခုတွင် လည်းကောင်း အချိန်ပိုင်းဖြစ်စေအချိန်ပြည့်ဖြစ်စေ၊ အကြံပေးဖြစ်စေလုပ်ကိုင်နေခြင်းကို တားမြစ်သည်။

(၂) သို့ရာတွင် PROVEN GROUP OF COMPANIES ၏ လုပ်ကိုင်နေသည့် စီးပွားရေးနှင့် မတူသည့် လုပ်ငန်းတစ်ခုခုတွင် အချိန်ပိုင်းဖြစ်စေအချိန်ပြည့်ဖြစ်စေ လုပ်ကိုင်လိုပါက စီမံခန့်ခွဲရေးသို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှသာ လုပ်ကိုင်နိုင်သည်။

(၃) ဤလုပ်ငန်းခွင် ကျင့်ဝတ်မထုတ်ပြန်မီ အချိန်ကလုပ်ကိုင်ခဲ့သူများအနေဖြင့် လုပ်ကိုင်နေသည့် အလုပ်ကိုင်နှင့် စပ်လျဉ်းပြီးဖော်ထုတ် တင်ပြပေးရမည်ပြီး ခွင့်ပြုချက်ရမှသာ ဆက်လက်လုပ်ကိုင်ခွင့်ရှိမည်ဖြစ်သည်။

(၄) PROVEN GROUP OF COMPANIES ၏ လုပ်ကိုင်နေသည့် စီးပွားရေးနှင့် မတူသည့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုကို အလုပ်ချိန်ပြင်အချိန်များတွင် လုပ်ကိုင်ခြင်းကိုယေဘုယျအားဖြင့်ခွင့်ပြုသော်လည်း ထိုသို့လုပ်ကိုင်နေခြင်းကို ဖော်ထုတ်တင်ပြပေးရမည်။

(၅) ဤလုပ်ငန်းခွင် ကျင့်ဝတ်မထုတ်ပြန်မီအချိန်က ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ခဲ့သူများနှင့် စပ်လျဉ်းပြီး ဖော်ထုတ်တင်ပြပေးရမည်ဖြစ်သည်။

**(ည) ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ခံရခြင်း**

(၁) PROVEN GROUP OF COMPANIES အနေဖြင့် အလုပ်ချိန်ပြင်ပအချိန်များ၌ ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ခြင်းခံရပါက စီမံခန့်ခွဲရေးသို့ အမြန်ဆုံးတင်ပြရမည်ဖြစ်ပြီး ထိုသို့ တာဝန်ပေးအပ်ခံရမှုသည် ယေဘုယျအားဖြင့် မိမိလုပ်ငန်းတာဝန်နှင့် ထိခိုက်မှု မရှိစေရေး ဆောင်ရွက်ပေးနိုင်ရမည်။

(၃) အလုပ်သမားအဖွဲ့စည်းဆိုင်ရာရွေးကောက်ခံရသူဖြစ်ခဲ့ပါကသက်ဆိုင်ရာအလုပ်သမားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ရမည်။

**(ဋ) နိုင်ငံရေး လုပ်ဆောင်ခြင်း**

(၁) PROVEN GROUP OF COMPANIES သည် မည်သည့် နိုင်ငံရေး လုပ်ဆောင်ချက်များတွင်မှ ပါဝင်ပတ်သက်ဆောင်ရွက်မည် မဟုတ်သကဲ့သို့ မည်သည့်နိုင်ငံရေးပါတီ၌လည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်မည်မဟုတ်ကာ မည်သည့်နိုင်ငံရေးပါတီ၊ နိုင်ငံရေးကိုယ်စားလှယ်များကိုလည်း ထောက်ခံအားပေးခြင်းနှင့် အလှူငွေထည့်ဝင်ခြင်းပြုမည်မဟုတ်ပါ။

(၂) နှစ်သက်ရာပါတီတစ်ရပ်ရပ်အား ထောက်ခံအားပေးမှုအပေါ်မည်သည့် ကန့်ကွက်တားဆီးမှုကိုမျှ ပြုလုပ်သွားမည်မဟုတ်ပါ။

(၃) သို့ရာတွင်ထိုသို့ဆောင်ရွက်မှုများသည် အလုပ်ချိန်ပြင်ပ၌သာ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

(၄) ဆောင်ရွက်မှုတိုင်းသည် မိမိ၏ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ဆောင်ရွက်မှုသာဖြစ်ကြောင်း အတိအလင်းရှင်းလင်းပြောကြား ထားပေးရမည်။

**(၅) အစိုးရအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း**

အစိုးရအဖွဲ့အစည်းများ၊ အစိုးရတာဝန်ရှိသူများနှင့် အောက်ပါအတိုင်း ထိတွေ့ဆက်ဆံရမည်–

**(က) သက်ဆိုင်ရာ ဥပဒေအရ ထိတွေ့ဆက်ဆံခြင်း**

အခွန်ဆောင်ခြင်း၊ လူမှုဖူလုံရေးငွေထည့်ဝင်ခြင်းကဲ့သို့ သက်ဆိုင်ရာဥပဒေအရထိတွေ့ ဆက်ဆံခြင်းပြုနိုင်သည်။

**(ခ) အလွတ်တန်း ထိတွေ့ဆက်ဆံခြင်း**

(၁) သက်ဆိုင်ရာဥပဒေအရမဟုတ်သည့် အလွတ်သဘောဖြင့် အစိုးရ အဖွဲ့အစည်း များ၊ အစိုးရတာဝန်ရှိသူများအားသက်ဆိုင်ရာဌာနခွင့်ပြုချက်ဖြင့်သာ ထိတွေ့ ဆက်ဆံရမည်။

(၂) အစိုးရအဖွဲ့အစည်းများ၊အစိုးရတာဝန်ရှိသူများ လာရောက်ထိတွေ့ပါကလည်း သက်ဆိုင်ရာဌာနခွင့်ပြုချက်ဖြင့်သာ ထိတွေ့ဆက်ဆံရမည်။

(၃) အစိုးရတာဝန်ရှိသူများနှင့် မိတ်ဆွေဖြစ်ခြင်း၊ သူငယ်ချင်းအပေါင်းအသင်း ဖြစ်နေခြင်းတို့ကြောင့် ထိတွေ့ဆက်ဆံပါက ဖြစ်နိုင်သမျှ အလုပ်ချိန်ပြင်ပ အချိန်တွင်သာ ထိတွေ့ဆက်ဆံပေးရန်နှင့် ထိတွေ့ဆက်ဆံမှုသည် မိမိ၏ လက်ရှိအဖွဲ့အစည်းအား ကိုယ်စားမပြုကြောင်း အတိအလင်းရှင်းလင်း ပြော ကြားထားပေးရမည်။

(၃) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊

PROVEN GROUP OF COMPANIES ၏လုပ်ငန်းခွင်တိုင်းသည် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များ ဖြစ်စေရန်နှင့် PROVEN GROUP OF COMPANIES ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်တိုင်းသည် သဘာဝပတ်ဝန်းကျင် အပေါ်ထိခိုက် သက်ရောက်မှု အနည်းဆုံးဖြစ်စေရန် ကတိပြုထားပါသဖြင့် လုပ်ငန်းခွင်

ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအားလည်းကောင်း၊ PROVEN GROUP OF COMPANIES ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအတိုင်း အပြည့်အဝလိုက်နာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည်။

**(ဗ) ငွေချေးယူခြင်း**

မည်သည့်အကြောင်းအရင်းနှင့်မျှ အောက်ပါအဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များထံမှငွေချေးယူခြင်း မပြုရ-

(က) အောက်အဆင့်ဝန်ထမ်းများ၊

(ခ) PROVEN GROUP OF COMPANIES နှင့် လုပ်ငန်းဆိုင်ရာ ပတ်သက်လုပ်ကိုင်သည့် ကန်ထရိုက်တာ (contractor)၊ တဆင့်ခံကန်ထရိုက်တာ (subcontractor)၊ အကြံပေး (consultants) နှင့် ပစ္စည်းတင်သွင်းရောင်းချသူ (supplier)များ၊ အရောင်းဆိုင်များ နှင့် အရောင်းကိုယ်စားလှယ်များ၊

**(ဘ) လက်ဆောင်ပေးခြင်း၊ ညှော်ခံကျွေးမွေးခြင်း**

PROVEN GROUP OF COMPANIES ၏ သတ်မှတ်ချက်အတိုင်းချွင်းချက်မရှိ လက်ဆောင်ပေးခြင်း၊ ပေးသည့်လက်ဆောင်အား လက်ခံခြင်း၊ ညှော်ခံကျွေးမွေးခြင်းနှင့် ညှော်ခံကျွေးမွေးခြင်းများကို လက်ခံရမည်။

**(တ) ကုမ္ပဏီ ပိုင်ဆိုင်မှုများ**

PROVEN GROUP OF COMPANIES ၏ပိုင်ဆိုင်မှုများသည် GROUP OF COMPANIES လုပ်ငန်းတိုးတက်ရေးအတွက်သာ သုံးစွဲရမည်ဖြစ်သည်။ လုပ်ငန်း တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်းပြီး ပေးအပ်ထားသည့် မော်တော်ယဉ်အပါအဝင် ပစ္စည်းများကို မိမိကိုယ်ရေး ကိုယ်တာအတွက် အသုံးမပြုဘဲ သတ်မှတ်ချက်အတိုင်း ကောင်းမွန်စွာ အသုံးပြုရမည်။

**(ထ) ပိုမိုပေးမိခြင်း**

လုပ်ခလစာ၊ အချိန်ပိုကြေး၊ ခရီးစရိတ်၊တည်းခိုစရိတ်အပါအဝင် စရိတ်အမျိုးမျိုးနှင့် အခြား အကြောင်းများကြောင့် ပြန်လည်တောင်းခံမှုများတွင် ရရှိရမည့်ပမာဏထက်ပိုမိုရရှိနေကြောင်း သိရှိပါက သက်ဆိုင်ရာအထက်အဆင့် အရာရှိထံ ချက်ခြင်းတင်ပြ အကြောင်းကြားပေးရမည်

ဖြစ်ပြီး သက်ဆိုင်ရာ ထုတ်ပေးခဲ့သူထံ ပြန်လည်ပေးသွင်းပေးရမည်။

**(ဒ) မီဒီယာတွင် ပါဝင်ခြင်း**

PROVEN GROUP OF COMPANIES ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ လုပ်ငန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို–

(၁) မီဒီယာတွင် ပါဝင်တွေ့ဆုံမေးမြန်းခံခြင်း၊ သဘောထား အမြင်များအား မှတ်ချက်ပေးခြင်း မပြုရ။

(၂) မဂ္ဂဇင်း၊ သတင်းစာ စသည့် print media များတွင်ရေးသားခြင်း မပြုရ။

**(ဓ) လူမှုမီဒီယာများ**

သက်ဆိုင်ရာ Personal Account များတွင် အောက်ပါတို့နှင့်စပ်လျဉ်း၍ ဖော်ပြခြင်း၊ သဘောထားမှတ်ချက်ပေးခြင်း၊ တဆင့်ပြန်လည်မျှဝေခြင်းများ မလုပ်ဆောင်ရ–

(၁) ကုမ္ပဏီဝန်ထမ်းများအကြား အထင်အမြင်မှားစေမည့်၊ စိတ်အနှောင့်အယှက်ဖြစ်စေမည့်၊ အကြမ်းဖက်မှု၊ လူမျိုးရေးဆိုင်ရာအမုန်းပွားမှု၊ ဘာသာရေးဆိုင်ရာ လှုံ့ဆော်မှု၊ ညစ်ညမ်းဆိုင်ရာတို့ကိုဖြစ်ပေါ်စေသည့် ဖော်ပြချက်(Post)၊ အရေးအသား (Article)၊ ဓာတ်ပုံနှင့်ဗီဒီယို (Digital Video and Movie Clip) များ၊

(၂) PROVEN GROUP OF COMPANIES ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ကုမ္ပဏီကိစ္စရပ်များ ၊နည်းပညာရပ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ

**(န) ဖော်ထုတ်တင်ပြခြင်း**

ဤလုပ်ငန်းခွင် ကျင့်ဝတ်အပေါ် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ရည်ရွယ်ချက်မပါဘဲဖြစ်စေ ဖောက်ဖျက်ကျူးလွန်မှုပြုကြောင်း တွေ့ရှိပါက သက်ဆိုင်ရာသို့ စာရေးသား၍ဖြစ်စေ သို့မဟုတ် အကြောင်းအရာ ဖော်ပြလျက်အဆင်ပြေသည့် နည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေတိုင်ကြားပေးရန် တာဝန်ရှိပါသည်။

**(ပ) ရည်ညွှန်းခံ ပေးခြင်း**

(၁) အခြေအနေအကြောင်းရင်း တစ်ရပ်ကြောင့် ရည်ညွှန်းခံပေးရန် လိုအပ်ပါက PROVEN GROUP OF COMPANIES နှင့် သက်ဆိုင်မှု မရှိဘဲ မိမိ၏ ပုဂ္ဂလိက ရပ်တည်မှုဖြင့်သာ ပေးရမည်။

(၂) PROVEN GROUP OF COMPANIES အနေဖြင့် ရည်ညွှန်းခံပေးရန်လိုအပ်ပါက ခွင့်ပြုချက် အဆင့်ဆင့်တောင်းခံပြီး ခွင့်ပြုချက်ရမှသာ ရည်ညွှန်းခံပေးအပ်ရမည်။

**(ဖ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်အရာများ**

(၁) PROVEN GROUP OF COMPANIES အနေဖြင့် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသည့် အရာများသုံးစွဲခြင်းကို **လုံးဝ (လုံးဝ)** လက်သင့်မခံပါ။

(၂) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်အရာများကို လုပ်ငန်းခွင်တွင်လည်းကောင်း၊ အခြားတစ်နေရာရာတွင်လည်းကောင်း သုံးစွဲခြင်းအား လုံးဝရှောင်ကျဉ်ပေးရမည်။

**(ဗ) သတင်းအချက်လက် ထိမ်းသိမ်းခြင်း**

(၁) PROVEN GROUP OF COMPANIES၏ ထုတ်လုပ်မှုနည်းပညာ၊ ထုတ်ကုန်ပစ္စည်းဆိုင်ရာလျှို့ဝှက်ချက်၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်၊ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကိုဖော်ပြရန် တာဝန်ပေးအပ်ခြင်းမှ လွဲ၍ မည်သည့် မီဒီယာပေါ်မျှ ဖော်ပြခြင်းမပြုရ။

(၂) PROVEN GROUP OF COMPANIES ဆိုင်ရာ သတင်းအချက်အလက်များကိုသတ်မှတ်စည်းကမ်းချက်များနှင့်အညီ လက်ရှိတာဝန်ထမ်းဆောင်နေစဉ် အချိန်တွင်သော်လည်းကောင်း၊ အလုပ်မှနုတ်ထွက်သွားပြီးသတ်မှတ်အချိန်ထိသော်လည်းကောင်းထိန်းသိမ်းထားရှိပေးရမည်။

(၃) ဝန်ထမ်း၏ ကိုယ်ရေးကိုယ်တာအချက်အလက်များအပါအဝင် ကန့်သတ်ထားရှိရမည့် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ပေါက်ကြားခြင်းမရှိအောင်ထားရှိပေးရမည်။

**(ဘ) မလျော်သြဇာသုံးစွဲခြင်း**

ရာထူး၊ အခွင့်အာဏာ၊ လုပ်ပိုင်ခွင့်တို့ကို အသုံးပြု၍ လက်အောက်ဝန်ထမ်းများကို အောက်ပါတို့အပေါ်မလျော်သြဇာသုံးစေခိုင်းခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း မပြုရ။

(၁) မိမိနှင့် မိမိ မိသားစုဆိုင်ရာအလုပ်များ ခိုင်းစေခြင်း။

(၂) သတ်မှတ်တာဝန်တွင် မပါသည့် ကိစ္စများကို ခိုင်းစေခြင်း။

(၃) ခြိမ်းခြောက်ခြင်း။

(၄) အကြပ်ကိုင်ခြင်း။

**(မ) ဉာဏဆိုင်ရာမူပိုင်ခွင့်**

PROVEN GROUP OF COMPANIES သည် ဉာဏဆိုင်ရာ မူပိုင်ခွင့်အပေါ် အစဉ်လေးစား လိုက်နာသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ်အမြဲရပ်တည်သွားမည်ဖြစ်ရာ ဉာဏဆိုင်ရာ မူပိုင်ခွင့်နှင့်စပ်လျဉ်းပြီး သတ်မှတ်ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း လိုက်နာ ပေးရမည် ဖြစ်ပါသည်။




# အခန်း(၄)
# အကျင့်ပျက်ခြစားခြင်း၊ လာဘ်ပေး လာဘ်ယူပြုခြင်း၊ ငွေကြေးခဝါချခြင်းနှင့် အတွင်းလူစီးပွားရေး လုပ်ဆောင်ခြင်း။

ဤလုပ်ငန်းခွင် ကျင့်ဝတ် အခန်း (၁) အပိုဒ် (၁) ပါ အကျုံးဝင်သူများသည်–

**(က) အကျင့်ပျက်ခြစားခြင်း**

မည်သည့် အကြောင်းအရင်းနှင့်မျှ အကျင့်ပျက်ခြစားခြင်း မပြုလုပ်ရ။ PROVEN GROUP OF COMPANIES အနေဖြင့် အကျင့်ပျက်ခြစားခြင်းကို အားမပေးပါ။

**(ခ) လာဘ်ပေးလာဘ်ယူပြုခြင်း**

မည်သည့်အကြောင်းအရင်းကြောင့်ဖြစ်စေ လာဘ်ပေးခြင်း လာဘ်ယူခြင်း ပြုလုပ်ခြင်းကို လက်ခံမည် မဟုတ်ပါ။ PROVEN GROUP OF COMPANIES အနေဖြင့် လာဘ်ပေး လာဘ်ယူခြင်းကို လုံးဝမကျင့်သုံးပါ။

**(ဂ ) ငွေကြေးခဝါချခြင်း**

မည်သည့်အကြောင်းအရင်းနှင့်မျှ ငွေကြေးခဝါချမှုကိစ္စ ရပ်များတွင် ပါဝင်မှုမရှိစေရ။ PROVEN GROUP OF COMPANIES အနေဖြင့် မည်သည့် ပုံစံဖြင့် ငွေကြေး ခဝါချခြင်းကိုမျှ လုပ်ဆောင်မည် မဟုတ်ပါ။

**(ဃ) အတွင်းလူစီးပွားရေးလုပ်ဆောင်ခြင်း**

ဤလုပ်ငန်းခွင် ကျင့်ဝတ် အခန်း(၁)၊ အပိုဒ်(၁)ပါ အကျုံးဝင်သူများသည် PROVEN GROUP OF COMPANIES က လုပ်ဆောင်နေသည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ သိရှိထားမှုအပေါ်အခြေပြု၍ မိမိအကျိုးစီးပွား သို့မဟုတ် တခြားသူတစ်ဦးဦး အကျိုးစီးပွားရှိစေရန် လုပ်ဆောင်ချက်များ မပြုရ။

# အခန်း(၅)
# ခွဲခြားဆက်ဆံမှု၊ အနိုင်ထက်ပြုမှု၊ အကြမ်းဖက်မှု၊ လိင်ဆိုင်ရာ ထိပါးနှောင့်ယှက်မှု ခွဲခြားဆက်ဆံမှု




ဤလုပ်ငန်းခွင် ကျင့်ဝတ် အခန်း (၁) အပိုဒ် (၁) ပါ အကျုံးဝင်သူများသည်-

**(က) ခွဲခြားဆက်ဆံမှု**

လုပ်ငန်းဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံမှုဖြစ်စေသည့် လုပ်ဆောင်ချက်များကို ရှောင်ရှားရမည်။ PROVEN GROUP OF COMPANIES သည် အသားအရောင်၊ လူမျိုး၊ ကိုးကွယ်မှု၊ ကျား/မဆိုင်ရာ ဖြစ်တည်မှု၊ အသက်အရွယ်အပါအဝင် မည်သည့်အကြောင်းနှင့်မျှ ခွဲခြားဆက်ဆံမှုကိုမှ လက်မခံပါ။

**(ခ) အနိုင်ထက်ပြုမှု**

လုပ်ငန်းဆောင်ရွက်ရာတွင် ရာထူး၊အခွင့်အာဏာ အသုံးပြု၍ အနိုင်ထက်ပြုမှုများကို ဖြစ်စေသည့် ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ နှုတ်ပိုင်းဆိုင်ရာအရဖြစ်စေ လုပ်ဆောင်ချက်များကို ရှောင်ရှားရမည်။ PROVEN GROUP OF COMPANIES သည် ရာထူးအခွင့်အာဏာအသုံးပြု၍ အနိုင်ထက်ပြုမှုများကို လက်မခံပါ။

**(ဂ) အကြမ်းဖက်မှု**

လုပ်ငန်းဆောင်ရွက်ရာတွင် ရာထူးအခွင့်အာဏာအသုံးပြု၍ အကြမ်းဖက်မှုဖြစ်စေသည့် ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ နှုတ်ပိုင်းဆိုင်ရာအရဖြစ်စေ လုပ်ဆောင်ချက်များကို ရှောင်ရှားရမည်။ PROVEN GROUP OF COMPANIES သည် မည်သည့်အကြမ်းဖက်မှုကိုမျှ လက်သင့်ခံမည် မဟုတ်ပါ။

**(ဃ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု**

လုပ်ငန်းဆောင်ရွက်ရာတွင် ရာထူးအခွင့်အာဏာအသုံးပြု၍ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုဖြစ်စေသည့် ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ နှုတ်ပိုင်းဆိုင်ရာအရဖြစ်စေ လုပ်ဆောင်ချက်များကို ရှောင်ရှားရမည်။ PROVEN GROUP OF COMPANIES သည် မည်သည့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုကိုမျှ လက်မခံပါ။




# အခန်း(၆)
# အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ

အကြောင်းအရင်းအမျိုးမျိုးကြောင့် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်ပေါ်လာနိုင်သဖြင့် ဤလုပ်ငန်းခွင်ကျင့်ဝတ် အခန်း (၁) အပိုဒ် (၁) တွင် အကျိုးဝင်သူများသည် PROVEN GROUP OF COMPANIES နှင့် စပ်လျဉ်းပြီး သတ်မှတ် စည်းကမ်းချက်များနှင့် အညီ မှန်ကန်သည့် အကျိုးစီးပွားကို ရှေ့ရှု၍ ဆောင်ရွက်ရမည်။




## အခန်း(၇)
## အလုပ်သမားအခွင့်အရေး

PROVEN GROUP OF COMPANIES အနေဖြင့် တည်ဆဲ အလုပ်သမားရေးရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အစဉ်အမြဲလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပြီး အထူးသဖြင့်အသက်မပြည့်သေးသူများကို ခိုင်းစေခြင်း၊ အဓမ္မခိုင်းစေခြင်းတို့အား PROVEN GROUP OF COMPANIES မည်သည့်လုပ်ငန်းခွင်တွင်မှ လက်ခံကျင့်သုံးမည်မဟုတ်သကဲ့သို့ ဤလုပ်ငန်းခွင် ကျင့်ဝတ် အခန်း (၁) အပိုဒ် (၁) တွင် အကျုံးဝင်သူများသည် အလုပ်သမားရေးရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ လုပ်ဆောင်ချက်များ မလုပ်ကိုင်မိရန် အလေးထားဆောင်ရွက်ရမည်။




# အခန်း(၈)
# ဝတ်စားဆင်ယင်မှုနှင့် ကိုယ်စားပြုခြင်း

**ဝတ်စား ဆင်ယင်မှု**

ဤလုပ်ငန်းခွင် ကျင့်ဝတ် အခန်း (၁) အပိုဒ် (၁) တွင် အကျုံးဝင်သူများ၏ ဝတ်စားဆင်ယင်မှုသည် ကုမ္ပဏီပုံရိပ်အပေါ်အပြုသဘောဖြင့်လည်းကောင်း သို့မဟုတ် မကောင်းသည့် သဘောဖြင့် လည်းကောင်း သက်ရောက်မှုရှိပါ၍ အလုပ်ဆင်းရသည့်နေ့များတွင် သတ်မှတ် ဝတ်စုံကို လည်းကောင်း၊ အခြားအခြေအနေများတွင်လည်းကောင်း သတ်မှတ်စည်းကမ်းနှင့်အညီ ဝတ်ဆင်ပေးရမည်။

**ကိုယ်စားပြုခြင်း**

ဤလုပ်ငန်းခွင် ကျင့်ဝတ် အခန်း (၁) အပိုဒ် (၁) တွင် အကျုံးဝင်သူများသည် ကုမ္ပဏီကို ကိုယ်စားပြု နေသူများဖြစ်၍ ကိုယ်ပိုင်အားလပ်ရက်နှင့် အချိန်များမှအပ ကျန်အချိန်များတွင် ကိုယ်စားပြုအနေဖြင့် ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါ သတ်မှတ်ချက်များအရလည်းကောင်း၊ PROVEN GROUP OF COMPANIES ၏ မူဝါဒစည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်လုပ်ကိုင်ပေးရမည်။

# အခန်း(၉)
# ကျင့်ဝတ်ဖောက်ဖျက်မှုများအား အရေးယူဆောင်ရွက်ခြင်း

ဤလုပ်ငန်းခွင် ကျင့်ဝတ်ပါ အကြောင်းအရာ သတ်မှတ်ချက်များအတိုင်း အကျိုးဝင်သူများအနေဖြင့် လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်ပါက PROVEN GROUP OF COMPANIES မှ ချမှတ်ထားသည့် အရေးယူအပြစ်ပေးခြင်းဆိုင်ရာ မူဝါဒစည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်သည်။

ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါအကြောင်းအရာသတ်မှတ်ချက်များအတိုင်း အကျိုးဝင်သူများအနေဖြင့် လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်နေမှုများအား လွတ်လပ်စွာတိုင်ကြားနိုင်ပြီး တိုင်ကြားသူနှင့် စပ်လျဉ်းသည့်အချက်များ ပေါက်ကြားမှု မရှိစေရေး ကာကွယ်ထားပေးမည် ဖြစ်ပါသည်။



# နောက်ဆက်တွဲ



အခန်း (၃) အပိုဒ် (ခ) ကျင့်ဝတ်နှင့်ညီညွတ်သည့် ဆုံးဖြတ်ချက်ဖြစ်ရန် အောက်ပါအတိုင်း စဉ်းစားပါရန်-

(၁) မိမိဆုံးဖြတ်မည့် အချက်သည် ရိုးသားပြီး မျှတမှုရှိပါသလား၊

(၂) တည်ဆဲဥပဒေနှင့်သော်လည်းကောင်း၊ ဤလုပ်ငန်းခွင် ကျင့်ဝတ်နှင့်သော်လည်းကောင်း ကိုက်ညီမှုရှိပါသလား၊

(၃) PROVEN GROUP OF COMPANIES ၏ သတ်မှတ်တန်ဖိုးများနှင့်ကိုက်ညီမှုရှိပါသလား၊

(၄) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းပြီး မိမိအတွက်သော်လည်းကောင်း PROVEN GROUP OF COMPANIES အတွက်သော် လည်းကောင်း ကောင်းသည်ဟု ခံစားမိပါသလား

(၅) ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်သည် လူသိထင်ရှား ဖြစ်လာသောအခါ သင့်အနေနှင့် လိပ်ပြာလုံသည်ဟု ထင်ပါသလား၊

**အခန်း (၃) အပိုဒ် (ဏ)**

**လက်ဆောင်ပေးခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း**

**လက်ဆောင်ပေးခြင်း**

(က) PROVEN GROUP OF COMPANIES အနေဖြင့် ဤလုပ်ငန်းခွင် ကျင့်ဝတ်အရ မည်သူတစ်ဦးတစ်ယောက်ကို သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကို သော်လည်းကောင်း စီးပွားရေးဆိုင်ရာအကျိုးအမြတ်ရယူလိုမှုနှင့် တံစိုးလက်ဆောင် ပေးခြင်းမပြုပါ၊

(ခ) PROVEN GROUP OF COMPANIES သည် သတ်မှတ်သည့် လက်ဆောင်ပစ္စည်း အမျိုးစားများနှင့် လက်ဆောင်ပေးမည့်သူများ စာရင်းအား ထုတ်ပြန်ရမည်။

(ဂ) အဆိုပါ စာရင်းအတိုင်း လက်ဆောင်ပေးအပ်နိုင်သည်။

(ဃ) အမည်စာရင်းတွင် မပါဝင်သူများရှိလာပါက ထိုသို့ရှိကြောင်းသိရှိသူက အမည်စာရင်းတွင် ထည့်သွင်းပြီး ထုတ်ပြန်ပေးရန် တောင်းဆိုရမည်။

**လက်ဆောင်လက်ခံရယူခြင်း**

(က) ဤလုပ်ငန်းခွင် ကျင့်ဝတ်အရ အကျုံးဝင်သူများသည် ငွေသားလက်ဆောင် လုံးဝ လက်မခံရပါ။

(ခ) သက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားပြု ထီး၊ ပြက္ခဒိန်၊ ဒိုင်ရာယီ၊ ဘောလ်ပင်စသည်တို့ကို လက်ဆောင်ရရှိပါက ရရှိကြောင်း သတ်မှတ်ချက်အတိုင်းတင်ပြပြီး မိမိအတွက် အသုံးပြုနိုင်သည်။

(ဂ) ကျပ် (၁) သောင်းအောက် တန်ဖိုးနည်း လက်ဆောင်ပစ္စည်းများအား လက်ဆောင်အဖြစ် ပေးအပ်ပါလာက အသိပေး တင်ပြပြီး ရုံးသုံးအဖြစ် သာရယူနိုင်သည်။

(ဃ) ကျပ် (၁) သောင်းနှင့် (၃) သောင်းအတွင်း ပစ္စည်းဖြစ်ပါက ပိုလွန်သည့် တန်ဖိုးအား သက်ဆိုင်ရာ တာဝန်ရှိသူထံပေးအပ်ပြီး ရုံးသုံးအဖြစ်သာ ရယူနိုင်သည်။ ပိုလွန်သည့် တန်ဖိုးအားပေးအပ်၍ ရယူလိုခြင်း မရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူထံ သတ်မှတ်ချက်နှင့် အညီ အပ်နှံနိုင်သည်။

(င) ကျပ် (၃) သောင်း အထက်ပစ္စည်းဖြစ်ပါက လက်ခံခြင်းမပြုရ။

(စ) မကြာခဏ (၁) ပတ်အတွင်း တစ်ကြိမ်နှင့်အထက်၊ တစ်လအတွင်း (၂) ကြိမ်နှင့်အထက် လက်ဆောင်လက်ခံရယူခြင်း မပြုရ။ ယခုသတ်မှတ်ချက်တွင် အပိုဒ် (ခ) သတ်မှတ်ချက် အကျုံးမဝင်ပါ။

**ဧည့်ခံကျွေးမွေးခြင်း**

(က) PROVEN GROUP OF COMPANIES အနေဖြင့် လာရောက်သည့် ဧည်သည့်များကို မိမိတို့ ဝန်ထမ်းများ ကျွေးမွေးသည့် အတိုင်း ဧည့်ခံကျွေးမွေးရမည်။

(ခ) ထိုသို့ဧည့်ခံရန် မသင့်တော်သည့် ဧည့်သည်များနှင့်စပ်လျဉ်း၍ PROVEN GROUP OF COMPANIES အနေဖြင့် သတ်မှတ်ဧည့်ခံရမည့် နှုန်းထားနှင့် နေရာ ထုတ်ပြန်ထားရမည်။

(ဂ) အဆိုပါနှုန်းထားနှင့် နေရာသတ်မှတ်ချက်အတိုင်းသာ ဧည့်ခံကျွေးမွေးရမည်။ ဧည့်ခံကျွေးမွေးမှုတွင် အောက်ပါ အချက်များ ပါဝင်သည်-

(၁) ခရီးသွားလာမှု စရိတ်ကျခံပေးခြင်း

(၂) တည်းခိုနေထိုင်မှု စရိတ် ကျခံပေးခြင်း

(၃) ဆေးဝါး ကုသမှု စရိတ် ကျခံပေးခြင်း

**ဧည့်ခံကျွေးမွေးမှုလက်ခံခြင်း**

(က) PROVEN GROUP OF COMPANIES ဝန်ထမ်းများအနေဖြင့် ယေဘုယျအားဖြင့် သာရေး/နာရေးနှင့် လူမှုရေးဆိုင်ရာဖိတ်ကြားလာမှုများမှအပ လုပ်ငန်းသဘောအရ ဧည့်ခံကျွေးမွေးမှုများ ဖိတ်ကြားလာမှုများအား လက်ခံခြင်း မပြုရ။

(ခ) ကာလဒေသနှင့် အချိန်အခါအရအခက်အခဲရှိပါက သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဝန်ထမ်းများ ကျွေးမွေးသည့်အတိုင်း ဧည့်ခံကျွေးမွေးပါက လက်ခံနိုင်သည်။

(ဂ) သီးသန့်သတ်မှတ် ဧည့်ခံခြင်း ကျွေးမွေးပါက လက်ခံခြင်းမပြုရ။

(ဃ) ဧည့်ခံကျွေးမွေးမှုသည် အဆိုပါဒေသ၏ ပျမ်းမျှဈေးနှုန်းထက် ကျော်လွန်မှု မရှိစေရ။ ထို့အပြင် ဧည့်ခံကျွေးမွေးမှုတွင် အောက်ပါအချက်များ ပါဝင်သည်-

(၁) ခရီးသွားလာမှု စရိတ်ကျခံပေးခြင်း

(၂) တည်းခိုနေထိုင်မှု စရိတ်ကျခံပေးခြင်း

(၃) ဆေးဝါးကုသမှု စရိတ်ကျခံပေးခြင်း

(င) မကြာခဏ (၁) ပတ်အတွင်း' တစ်ကြိမ်နှင့်အထက်၊ တစ်လအတွင်း (၂) ကြိမ်နှင့်အထက် ဧည့်ခံကျွေးမွေးမှု လက်ခံခြင်း မပြုရ။

**အခန်း (၃) အပိုဒ် (င)**

(က) ယေဘုယျအားဖြင့် PROVEN GROUP OF COMPANIES အနေဖြင့် ထုတ်လုပ်မှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများတွင် -

(၁) ဉာဏဆိုင်ရာမူပိုင်ခွင့်ရှိသည်များကိုသာ သုံးစွဲမည်။

(၂) ဉာဏဆိုင်ရာမူပိုင်ခွင့် မရှိသည့် Open Source များကို သုံးစွဲမည်။

(ခ) ဤလုပ်ငန်းခွင် ကျင့်ဝတ် အခန်း (၁) အပိုဒ် (၁)တွင် အကျိုးဝင်သူများသည် ဉာဏဆိုင်ရာမူပိုင်ခွင့်အား လေးစားလိုက်နာပေးရမည်။အထူးသဖြင့်–

(၁) မိမိအသုံးပြုနေသည့်ကုမ္ပဏီပိုင်ကွန်ပျူတာ၊ လက်ကိုင်ဖုန်းများတွင် မူပိုင်ခွင့်ဖောက်ဖျက်ထားသည့် App များ ထည့်သွင်းအသုံးမပြုရ။

**အခန်း (၄) အကျင့်ပျက်ခြစားခြင်း၊ လာဘ်ပေးလာဘ်ယူ ပြုခြင်း၊ ငွေကြေးခဝါချခြင်း**

**အကျင့်ပျက်ခြစားခြင်း**

အကျင့်ပျက်ခြစားခြင်းဆိုသည်မှာ မိမိအား အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ကိုင်ခွင့်ကို အသုံးပြု၍ မိမိ၏ ပုဂ္ဂလိက အကျိုးစီးပွားအတွက် လုပ်ဆောင်သည့် လုပ်ဆောင်မှုတစ်ရပ်ရပ်ကိုဆိုသည်။ အဆိုပါ အကျင့်ပျက်ခြစားခြင်းတွင် အောက်ပါ တို့လည်းပါဝင်သည်–

(က) တိုက်တွန်း ပြောကြားပေးခြင်း၊

(ခ) မိမိနှင့် ပတ်သက်ဆက်နွယ်သူများအား အခွင့်အလမ်းပေးခြင်း၊

(ဂ) မျက်နှာသာပေးခြင်း၊

(ဃ) (ငွေကြေးစသည့် တစ်ခုခုရရှိအောင်) အကြပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊

(င) အခွင့်ထူး ရယူခြင်း

(စ) လွှမ်းမိုးပေးခြင်း

(ဆ) မရိုးဖြောင့်သည့် နည်းလမ်းဖြင့် ငွေကြေးရယူခြင်း

(ဇ) အလွဲသုံးစားလုပ်ခြင်း

(ဈ) ကော်မရှင်ခပေးခြင်း/ ရယူခြင်း

(ည) discount ပေးခြင်း/ ရယူခြင်း

(ဋ) အမြတ်အစွန်းအား ခွဲဝေပေးခြင်း/ ရယူခြင်း

**လာဘ်ပေး လာဘ်ယူ ပြုခြင်း**

PROVEN GROUP OF COMPANIES အတွက်သော်လည်းကောင်း မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း လုပ်ပိုင်ခွင့်တစ်ခုခုရရှိစေရန် သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ခွင့်ရရှိစေရန် သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုရရှိစေရန် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်သည့် နည်းလမ်းတစ်ခုခုဖြင့် ဖြစ်စေ ငွေကြေး သို့မဟုတ် တန်ဖိုးရှိသည့် အရာတစ်ခုခုအား တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အခွင့်အာဏာရှိသူတစ်ဦးဦးအားပေးခြင်း သို့မဟုတ် မိမိအတွက်ရယူခြင်းကို လာဘ်ပေးလာဘ်ယူ ပြုခြင်းဟု သတ်မှတ်သည်။ လာဘ်ပေးလာဘ်ယူပြုခြင်းတွင် အောက်ပါအကြောင်းအရာများလည်း ပါဝင်သည်-

(က) အသင်းဝင်ကြေး ထည့်သွင်းပေးခြင်း/ ထည့်သွင်းပေးခြင်းကို လက်ခံခြင်း

(ခ) မှတ်ပုံတင်ကြေး ထည့်ဝင်ပေးခြင်း/ ထည့်ဝင်ပေးခြင်းကို လက်ခံခြင်း

(ဂ) ထုတ်ကုန်ပစ္စည်း လက်ဆောင်ပေးခြင်း/ လက်ဆောင်ပေးသည်ကို လက်ခံခြင်း

**အခန်း (၅) ခွဲခြားဆက်ဆံမှု၊ အနိုင်ထက်ပြုမှု၊ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု**

**လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု**

ကျား/မ သတ်မှတ်ချက်ဆိုင်ရာပေါ် အခြေပြု၍ ထိပါးနှောင့်ယှက်မှု ဖြစ်စေသည့် ရုပ်ပိုင်းဆိုင်ရာ အရဖြစ်စေ နှုတ်ပိုင်းဆိုင်ရာအရဖြစ်စေ အပြုမူပိုင်းအရဖြစ်စေလုပ်ဆောင်ချက်များကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုဟု သတ်မှတ်သည်။

**အခန်း (၆) အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ**

အောက်ပါ အခြေအနေများတွင် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်ပေါ်လာနိုင်၍ PROVEN GROUP OF COMPANIES အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) PROVEN GROUP OF COMPANIES အတွက် ပစ္စည်းဝယ်ယူခြင်းသို့မဟုတ် ရောင်းချပေးခြင်းစသည့် အကြောင်းရာတစ်ခုခုနှင့် စပ်လျဉ်းပြီး ဆုံးဖြတ်သည့်အခါ အပ်နှင်းထားသည့် အခွင့်အာဏာ၊ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မိမိကိုယ်ကျိုး သို့မဟုတ် မိမိ၏ မိသားစု အကျိုးစီးပွားဖက်ကို ပိုမို အလေးပေးဆုံးဖြတ်ပေးခြင်း၊

(ခ) PROVEN GROUP OF COMPANIES ၏လစ်လပ်သည့်ရာထူးနေရာတွင် လျှောက်ထားမှုတွင် အရည်ချင်းတူဖြစ်နေချိန်တွင် မိမိကိုယ်ကျိုး သို့မဟုတ် မိမိ၏မိသားစုအကျိုးစီးပွားဖက်ကို ပိုမိုအလေးပေးဆုံးဖြတ်ပေးခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းတစ်ခုရရှိရေး ဆောင်ရွက်ရာတွင် PROVEN GROUP OF COMPANIES နှင့် မိမိ မိသားစု၏ စီးပွားရေးလုပ်ငန်းတို့ ယှဉ်ပြိုင်ရသည့် အနေအထားတွင် မိမိကိုယ်ကျိုး သို့မဟုတ် မိမိ၏မိသားစု အကျိုးစီးပွားသာသွားစေရန် လုပ်ဆောင်ပေးခြင်း၊

(ဃ) လုပ်ငန်းခွင်အတွင်း မိမိလုပ်ကိုင်နေသည့် ဌာနတွင် မိမိ မိသားစုဝင်များလာရောက်လုပ်ကိုင်နေရာမှ လုပ်ငန်းခွင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မိမိကိုယ်ကျိုး သို့မဟုတ် မိမိ၏ မိသားစုအကျိုးစီးပွားဖက်ကို ပိုမိုအလေးပေးဆုံးဖြတ်ပေးခြင်း၊

**အခန်း (၈) ဝတ်စားဆင်ယဉ်မှုဆိုင်ရာ စည်းကမ်းချက်များ**

(၁) သတ်မှတ်ဝတ်စုံ (Uniform)အား အလုပ်ဆင်းရသည့်နေ့များ သို့မဟုတ် သတ်မှတ်နေ့ရက်များ သို့မဟုတ် ကိုယ်စားပြုသွားရောက်ရသည့် နေ့များတွင် ဝတ်ဆင်ပေးရမည်။

(၂) အပြင်အဝတ်အစား ဝတ်ဆင်ပါက အမြင်ကောင်းသည့် ဝတ်ဆင်မှု ဖြစ်ရမည်။

(၃) အဆင်တန်ဆာဝတ်ဆင်ပါက –

(က) အမြင်သင့်တော်မှုမရှိသည့်လိင်မှုဆိုင်ရာအသားပေးသည့်၊ လူမျိုးရေး/ ဘာသာရေးဆိုင်ရာလှုံ့ဆော်မှု ဖြစ်စေနိုင်သည့် အဆင်တန်ဆာများ ဝတ်ဆင်ခြင်းမပြုရ။

(ခ) ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ လက်ခံသတ်မှတ်ထားသည့် အထိမ်းအမှတ် အဆင်တန်ဆာမှလွဲ၍ နိုင်ငံရေး၊ ပါတီနှင့် အဖွဲ့အစည်းတစ်ခုခု အထိမ်းအမှတ်ပြုဆိုင်ရာများ ဝတ်ဆင်ခြင်း မပြုရ။

PROVEN
GROUP OF COMPANIES

info@proven.com.mm

www.proven.com.mm

Toyo and Lion Battery Myanmar

Toyo Battery Myanmar

No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon Housing, Kamayut Township, Yangon, Myanmar. (11041)
Corporate Phone Number: (+95) 9 8808 76920
Office Phone Numbers: (+95-1) 7 531 030 / 7 531 041 / 7 527 66